ဆင်ဖြူဆိပ်ကျေးရွာအုပ်စု၊ ဆင်ဖြူဆိပ်ကျေးရွာ

ထီးချိုင့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ
ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင်

မာတိကာ

မာတိကာ

စကားချီး ၆

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၇

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာရာသီခွင်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၈

ဆင်ဖြူဆိပ်ကျေးရွာအုပ်စု၊ ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား ၉

ဆင်ဖြူဆိပ်(ရှေ့) ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအမည်စာရင်း ၁၀

၁။နိဒါန်း ၁၁

(က) ရည်ရွယ်ချက်

(ခ) နိုင်ငံ

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၃

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၃

(ခ) သီးနှံစိုက်ပျိုးရေးလုပ်ငန်း

(ဂ) မွေးမြူရေးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၅

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ ၁၅

ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့်သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး ၁၅

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၆

၉။ ကျား၊ မရေးရာ ကိစ္စ ၁၆

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ **၁၇**

နောက်ဆက်တွဲ ၂၁

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ၁၈

ဇယား(၁) ကုက္ကိုကုန်းကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲ အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးလင်းလုံခြုံရေး၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၇၅

ဦးစားပေးစီမံချက်လုပ်ငန်းများ ၇၆

နှစ်အလိုက်စီမံချက်လုပ်ငန်းများ ၇၇

နောက်ဆက်တွဲ(၄) ၇၈

နောက်ဆက်တွဲ(၅) ၈၀

နောက်ဆက်တွဲ(၆) ၈၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို ကူညီပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပေ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းဆွေးနွေးငြင်းခုံရင်း အဖြေရှာကြရာ၌ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ကြပါသည်။ ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံ ရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာနိုင်မည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်သင့်သည်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်၌ပင် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုမှာ လုပ်ဆောင် သွားပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

ဖေဖော်ဝါရီလ၊၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာ၊ ထီးချိုင့်မြို့နယ်

စစ်ကိုင်းကိုင်းဒေသကြီး၊ ကသာခရိုင်၊ ဒီးမှိုင်ဖြိုးမြို့နယ်၊ အင်ဖြူအိပ်ကုပ်ရွာ၊ အိပ်ဖြူအိပ်ငယ်ရွာ၊ ကျေးရွာတော် သဘောကိစ္စအတွက် ဖြစ်ပါ

ဆင်ဖြူဆိပ်ကျေးရွာအုပ်စု၊ ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်



စဉ်	အကြောင်းအရာ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ
၁	ဆိုက်ဟိုက်ကျေး	ပဲမျိုးနှံ ရိတ်သိမ်း	ပဲမျိုးနှံ ရိတ်သိမ်း	မြေးခပါး ဆိုက်	–	–	ပဲမျိုးနှံ ဆိုက်	ပဲမျိုးနှံ ဆိုက်	နေကာနှံ့ ပဲမျိုးနှံ ဆိုက်	ခြေပဲဆိုက်	ဖြေပဲဆိုက် ပဲမျိုးနှံ ရိတ်သိမ်း	ပဲမျိုးနှံ ရိတ်သိမ်း	နေကာ ပဲမျိုးနှံ ရိတ်သိမ်း
၂	မွေးမြူရေး	–	ဝက်ဝံဆုတ် ကွေး နို့ဂွက်ဖြန့်	ဝက်ဝံဆုတ် ကွေး နို့ဂွက်ဖြန့်	–	–	နွားမွေးမွေး	နွားမွေးမွေး	–	–	–	–	–
၃	ကျန်းမာရေး	–	–	–	ဒူဂင်္ဂများ တုတ်ကွေး	ဒူဂင်္ဂများ တုတ်ကွေး	–	–	–	–	–	–	–
၄	ပညာရေး	စမ္ဗခရေးကို သင်ကြားခြင်း	စမ္ဗခရေးကို	ကျောင်းပွဲ	ကျောင်းသား	ကျောင်းသား	ကျောင်းသား	ကျောင်းသား အခြေခံပညာ ကျောင်းဆင်း	ကျောင်းသား	ဒီဇင်္ဘာ ကျောင်း ပိတ်	ကျောင်းသား	ကျောင်းသား	ကျောင်းသား / စမ္ဗခရေးကို
၅	ရာသီဥတု	နေ ၄၂	နေ ၄၂	နေ ၄၂ / မိုးသွန်း	မိုးမွှ.	မိုးမွှ.	မိုးမွှ.	မိုးမွှ / မှုန်းကျ	မှုန်းကျ	မှုန်းကျ	မှုန်းကျ	မှုန်းကျ	နေ ၄၂
၆	ပွဲတော်	သဘင်နှံပွဲ	မဟာနှံပွဲ ဘုရားပွဲ	–	တိုဆို သင်္ကန်း ကပ်ပွဲ	–	–	အဓိဋ္ဌာန်ပွဲ ဆီထိုးပွဲ	ဂိတ်ဆိုနှံပွဲ	–	–	တဖန်ပွဲ	–
၇	တောင်သူဦးဇွဲ	○○○○○ ○○○○○	○○○○○ ○○○○○	–	–	–	–	–	–	–	○○○○○ ○○○	○○○○○ ○○○○○	○○○○○ ○○○○○
၈	တောင်သူတွင်းဇွဲ	○○○○○	○○○○○	○○	–	–	○○○○○	○○○○○	○○○○○	○○○○	○○○○○	○○○○○	○○○○○ ○○
၉	နေ့ခန့်မှန်းချက်	○	○	○	–	–	○	○	○	○	○	○	○
၁၀	ရေနွေးထွက်ချိန်	○	○	○	–	–	○	○	○	○	○	○	○

ဆင်ဖြူဆိပ်ကျေးရွာအုပ်စု၊ ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၁-၂၂	၂၂-၂၃	၂၃-၂၄
၁	ကျေးရွာတွင်းဘီးနင်းကွန် ကရစ်လမ်းခင်းခြင်း	၁					
၂	(၂၄)နာရီ မီးလင်းရေးဆောင်ရွက်ခြင်း	၂					
၃	ကျေးရွာတွင်း ရေပေးဝေရေး ဆောင်ရွက်ခြင်း	၃					
၄	ကျေးရွာတွင်း ရေဆိုးမြောင်း ကွန်ကရစ်ပြုလုပ်ခြင်း	၄					
၅	မီးသတ်ရေကန်တည်ဆောက်ခြင်း	၅					

၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)လုပ်ငန်းဆောင်ရွက်မည့် ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာ၏ ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ရွှေ	ဦးကျော်သောင်း	၅/ထခန(နိုင်)၁၀၀၇၀၀	၅၈	ဥက္ကဋ္ဌ	၀၉-၂၆၁၀၃၂၉၄၈
၂	ဦးသိန်းနိုင်ဦး	ဦးသန်းဆွေ	၅/ထခန(နိုင်)၀၅၂၄၄၄	၃၇	တွင်း/မှူး	၀၉-၂၅၆၁၉၃၂၇၅
၃	ဦးတင့်နိုင်ဝင်း	ဦးအောင်ငြိမ်း	၅/ထခန(နိုင်)၀၄၆၆၀၂	၄၁	ဘဏ္ဍာရေးမှူး	၀၉-၂၆၀၃၃၅၈၅၉
၄	ဦးမျိုးနိုင်	ဦးမောင်သွယ်	၅/ထခန(နိုင်)၀၄၃၉၄၃	၅၁	စာရင်းကိုင်	၀၉-၄၀၈၃၅၃၀၂၂
၅	ဒေါ်ခင်ဆွေ	ဦးဌေးလွင်	၅/ထခန(နိုင်)၀၆၄၅၁၉	၄၈	အဖွဲ့ဝင်	၀၉-၂၆၅၅၉၁၁၅၅
၆	ဒေါ်မာမာအေး	ဦးထွန်းမင်း	၅/ထခန(နိုင်)၀၅၃၆၉၄	၄၄	အဖွဲ့ဝင်	၀၉-၂၆၉၉၆၇၉၁၃
၇	ဒေါ်ဇင်မာဦး	ဦးကျော်ဆွေ	၅/ထခန(နိုင်)၀၆၇၀၉၉	၂၉	အဖွဲ့ဝင်	၀၉-၄၂၉၆၄၈၈၇၈

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။

ဤကဲ့သို့ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို သိလာကြပါသည်။

၎င်းအချက်အလက်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းများ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း သိရှိမိလာပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၌ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရ သော ပြဿနာများ ထိုပြဿနာများ ဖြစ်ရသည် အရင်းခံအချက်များဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ စိန်ခေါ်မှုများကို အောင်မြင်မှုရရှိရန်အတွက် ရည်မှန်းချက်များ ရည်ရွယ်ချက်များရရှိရန် ရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်း များ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် နည်းလမ်းကောင်းများကိုလည်း ဖော်ပြထားပါသည်။

ဤကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်ရေးဆွဲခြင်းဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ် ဖက်များဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ သတင်းနှင့်ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုရစေပြီး ကျေးရွာဖွံ့ဖြိုး ရေးနှင့်ပတ်သက်မှုမှန်သမျှတို့သည် ဤအစီစဉ်မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန် ရည်ရွယ်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲပြီး မြို့နယ် အဆင့်ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အတန်းရ၊ အဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။သို့မှသာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အများ၊ အစိုးရမဟုတ်သော(NGO)အဖွဲ့များ အလှူရှင်အဖွဲ့ အစည်းများ ဘဏ်လုပ်ငန်းရှင်နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များတို့မှ ကျေးရွာလူထု၏အမှန် တကယ်လိုအပ်ချက်များ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ကျေးလက်ဒေသရှိ ငွေကြေးလိုအပ်ချက် နည်းပညာလိုအပ်ချက်များကို ချိတ်ဆက်၍ ရရှိလာနိုင်မည်ဖြစ်ပြီး ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်း ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါသည်။

(ဂ) စီမံကိန်း၏လွမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး၊ အစို:ရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုကို လူထုပါဝင်၍ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးရေးကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ကြုံတွေ့နိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင်လည်း တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၏ အနောက်ဘက်တွင်တည်ရှိပြီး ထီးချိုင့်မြို့နှင့်(၈)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ရေပေါက်ကြီးကျေးရွာ၊ အရှေ့ဘက်တွင် ရိုက်ကွင်းကျေးရွာ၊ အနောက်ဘက်တွင် ဆင်ဖြူဆိပ်(နောက်)ကျေးရွာနှင့် တောင်ဘက်တွင် လင်းပိုင်တင်ကျေးရွာတို့ တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများရှိ အနောက်ဘက်တွင် မဲဇာချောင်းစီးဆင်းလျှက်ရှိပါသည်။ မြေပြန့်မြေနိမ့်ဒေသမြေနုကျွန်းပေါ်တွင်တည်ရှိသောကြောင့် မိုးရာသီတွင် တစ်ခါတစ်ရံ မဲဇာချောင်းနှင့် မြစ်ရေဝင်ရောက်ပူးပေါင်း၍ ရေလွှမ်းမိုးမှု ခံရတက်ပါသည်။ ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် လူမျိုးများမှာ ဗမာလူမျိုးအများစု နေထိုင်ကြပါသည်။

(ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်သည် လက်မ(၆၀)နှင့်လက်မ(၈၀)ကြားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့်အထောက်အကူဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော လယ်မြေဧရိယာမှာ(၁၈၂၃.၇၅)ဧကနှင့် ယာစိုက်ပျိုးနိုင်သော ဧရိယာမှ(၂၈၄)ဧက စုစုပေါင်း(၂၁၀၇.၇၅)ဧက ရှိပါသည်။ ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ စပါးအပြင် သီးထပ်များအဖြစ် မြေပဲ၊ နေကြာနှင့် နှမ်းအနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသည်။ မြေနိမ့်မြေနုကျွန်းဒေသဖြစ်သည့်အတွက် မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်ယာမြေများသည်

မိုးရေကို အဓိကထားသော်လည်း မဲဇာချောင်းရေကို ရေစုပ်များဖြင့်လည်း အလွယ်တကူတင်ယူစိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၂၆)စုနှင့် ကျား(၇၁၁)ဦး၊ မ(၇၈၉)ဦး စုစုပေါင်း(၁၅၀၀)ဦး ရှိပါသည်။ ကျေးရွာအတွင်းရှိ မေတ္တာရှင် လူမှုကူညီရေးအသင်းမှာ ကျား(၃၀)ဦး၊ မ(၂၀)ဦး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ကျား(၂၅)ဦး၊မ(၂၅)ဦး၊ ပြည်သူစစ်နှင့် မီးသတ်အဖွဲ့မှာ ကျား(၁၅) အဖွဲ့များသည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ(၁၉)အိမ်ထောင်စု၊ (၂.၅) ဧကနှင့် (၅)ဧကကြားတောင်သူငယ်(၄၄)အိမ်ထောင်စု၊ (၅)ဧကနှင့်(၁၂.၅)ဧကကြား တောင်သူလတ်(၁၃၁) အိမ်ထောင်စု၊(၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး(၄၄)အိမ်ထောင်စု စသည်တို့ရှိကြပြီး မိုးစပါး၊ နွေစပါး၊ မြေပဲ၊ နေကြာနှင့် နှမ်းတို့ကိုလည်း အဓိကထား စိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေနှင့် မဲဇာချောင်းကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအရင်းအမြစ်နည်းပါးသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၁၀၀)တင်း ထွက်ရှိပြီး နွေစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၅၀)တင်း၊ နေကြာအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၄၀)တင်း၊ မြေပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၅၀)တင်း ထွက်ရှိကြပါသည်။ ကျေးရွာတွင် ထွန်စက်ကြီး(၉)စီး၊ လက်တွန်းထွန်စက်(၂၇)စီး၊ အစေ့ချကိရိယာ(၁)စီး၊ ရိတ်သိမ်းခွေ့လှေ့စက်(၁)စီး၊ခွေ့လှေ့စက်(၉)စီး၊ ရေစုပ်စက်(၁၈၁)လုံးရှိပါသည်။ အချို့သော တောင်သူများသည် ကျေးရွာရှိ စက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုမိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကို မြို့နှင့်အလှမ်းဝေးသော်လည်း လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် တောင်သူလုပ်ငန်းလုပ်ကိုင်ရာတွင် ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်မြောင်းရေမရရှိခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရရှိခြင်းတို့ကြောင့် သီးနှံထွက်နည်းခြင်း၊ သီးနှံဈေးကွက်တွင်လည်း ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၆၇)အိမ်ထောင်စုရှိပြီး နွားကောင်ရေ(၂၂၇)ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု(၁၃၄)အိမ်ထောင်စုရှိပြီး ကျွဲကောင်ရေ(၆၀၅)ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၁၁၁)အိမ်ထောင်စုရှိပြီး ဝက်ကောင်ရေ(၃၄၂)ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု(၇၂)အိမ်ထောင်စုရှိပြီး ကြက်ကောင်ရေ(၁၃၀၃)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၃)အိမ်ထောင်စုရှိပြီး ဘဲကောင်(၃၅)ကောင်နှင့် ငါးကန်မွေးမြူထားသည့် အိမ်ထောင်စု(၁)အိမ်ထောင်စုရှိပြီး ငါးကန်(၁)ကေရှိပြီး မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေထိုင်ကြပါသည်။

မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် မွေးမြူရေး၊ အရောင်းအဝယ်၊ ယာဉ်မောင်း၊ ထွန်စက်၊ အပ်ချုပ်လုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ သူနာပြုဝန်ထမ်းများ စသည်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတက်မြောက်မှု အားနည်းပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးရေးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ(၁)ကေလျှင် (၁၅၀၀၀၀)သိန်းနှုန်းဖြင့် အများဆုံး(၁၀)ကေအထိ ချေးယူနိုင်ကြပါသည်။ ကျေးရွာတွင် သ/မအဖွဲ့အစည်းများမှလည်း ချေးယူရရှိပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာလိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းပါးကြသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူထံမှ တစ်လအတိုးနှုန်း(၅–၁၀)ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာမှ လှေ(၁)စီး၊ စက်လှေ(၄)စီး၊ စက်ဘီး(၁၁၉)စီး၊ဆိုင်ကယ်(၂၅၈)စီး၊ သုံးဘီး(၂)စီး၊ ထော်လာဂျီ(၂)စီး၊ ကား(၃)စီး၊ နွားလှည်း(၁၃၇)စီးရှိပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ကျေးရွာအတွင်းတွင် မြေသားလမ်း တစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများရှိနေပါသည်။ ရွာလယ်မကြီးတစ်ခုသာလျှင် ကျောက်အနည်းငယ်ခင်းပါသည်။ ကျေးရွာချင်းဆက်လမ်းများမှလည်း မြောက်ဘက်တွင် ရေပေါက်ကြီးကျေးရွာနှင့် တောင်ဘက်တွင် လင်းပိုင်တင်ကျေးရွာ ဆက်သွယ်လျှက်ရှိပါသည်။ ၎င်းလမ်းများသည် မြေသားတာဘောင်တာရိုးလမ်းဖြစ်ပြီး မိုးရာသီတွင် ဗွက်များ၊ ချိုင့်များဖြင့် သွားလာရ အဆင်မပြေမှုများ ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မဟာဓါတ်အားလိုင်း မရရှိသေးပါ။ ကျေးရွာတွင်း မီးတိုင်များ ထူထောင်ထားဆဲ ရှိနေပြီး မီတာလျှောက်ထားဆဲအိမ်များနှင့် ကျေးရွာတွင်း မီးလင်းရန်သာကျန်တော့သည့် အတွက် ယခုအချိန်တွင် ဆိုလာမီးကိုသာ အသုံးပြုနေထိုင်လျှက်ရှိပါသည်။

၆။ ပညာရေး

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် ကျောင်းသား/သူများသည် အ.ထ.က (ခွဲ)ကျောင်းအဆင့်ဖြင့် ပညာသင်ကြားလျှက်ရှိပါသည်။ အထက်တန်းပညာရေးအား(၈)မိုင်ခန့် ကွာဝေးသော ထီးချိုင့်မြို့ပေါ်သို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှု မရှိပါ။

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့်ဆရာ(၃)ဦးနှင့် ဆရာမ(၆)ဦးရှိပါသည်။ ကျေးရွာတွင် စာမတတ်သည့် သူများအနည်းငယ်ရှိသော်လည်း မူလတန်းအဆင့် စာတတ်မြောက်သူလူဦးရေမှာ(၂၂.၈)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သည့်လူဦးရေးမှာ (၃၅.၉)ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ(၂.၈)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူဦးရေးမှာ(၁.၅)ရာခိုင်နှုန်းရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ကျေးရွာအထိ နှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပါသည်။ ဆေးရုံကြီးသည် ထီးချိုင့်မြို့ပေါ်တွင် တည်ရှိနေပြီး ဆင်ဖြူဆိပ်(ရှေ့)နှင့် (၈)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲနည်းပါးပါသည်။

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာသည် သောက်သုံးရေများကို တုံကင်တွင်းရေမှ အဓိကထားအသုံးပြုကြ

ပါသည်။ တုံကင်တွင်းများသည် ရေဆီများပါသဖြင့် သဲများဖြင့် ရေစစ်ကန်များပြုလုပ်၍ အသုံးပြုကြပါသည်။ သုံးရေအနေဖြင့် မဲဇာချောင်းရေကိုသာ နွား၊ကျွဲ၊ ဝက်၊ ဘဲ များအတွက်သာ အသုံးပြုကြပါသည်။ မိုးတွင်းချိန်တွင် မဲဇာချောင်းရေကြီးသည် နောက်ကျိနေပြီး သုံးမရပါ။ ထီးချိုင့်မြို့နယ် ကျေးလက်ဦးစီးဌာနမှ စက်ရေတွင်းနှင့်ရေကန်တည်ဆောက်ထားသော်လည်း ရေလုံလောက်မှုမရှိသောကြောင့် မီးဘေးအန္တရာယ်နှင့် သာရေး/နာရေးကိစ္စကြီးငယ်များအတွက် သုံးစွဲရပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု(၁၂၉)စုနှင့် တွင်းဇလားအိမ်သာအိမ်ထောင်စု(၁၉၆)စု ရှိပြီး အိမ်တိုင်းနီးပါး သုံးစွဲလျက်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် လက်လုပ်လက်စားကျဘန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူပါသည်။

ဆင်ဖြူဆိပ်ကျေးရွာသည် တွင်းထွက်သယံဇာတများ မရှိပါ။ သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များရှိပါသည်။မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားသည့်လူနာအနည်းငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ဝက်ဆိုင်ရာရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဆင်ဖြူဆိပ် (ရှေ့)ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဆင်ဖြူဆိပ်			ကျေးရွာအမည် – ဆင်ဖြူဆိပ်(ရှေ့)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီး	ထုတ်ကုန်လုပ်ငန်း များ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	

ကျေးရွာအုပ်စုအမည် – ဆင်ဖြူဆိပ်			ကျေးရွာအမည် – ဆင်ဖြူဆိပ်(ရှေ့)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
	ပွားရေးလုပ်ငန်းများဆိုင်ရာ			
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_ အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်း များ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်, မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၂	ငွေကြေး	အသေးစား	အသေးစားလုပ်ငန်းများဖွံ့ဖြိုးစေရန် Group များဖွဲ့၍ထားရှိခြင်း။	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း	ရာသီအလိုက်ကျန်းမာရေးအသိပညာပေးပြောပြောပွဲများပုံမှန်ပြုလုပ်နိုင်ခြင်း။	
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ်ေ းထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက် ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများလုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းတွင်းပညာပေးသရုပ်ပြစာစောင်များဗဟုသုတစာပေများထားရှိခြင်း။	

ကျေးရွာအုပ်စုအမည် – ဆင်ဖြူဆိပ်			ကျေးရွာအမည် – ဆင်ဖြူဆိပ်(ရှေ့)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဝင်းခြံစည်းရိုးအား အုတ်တံတိုင်းများကာရံခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆရာ/များအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	၂(၁၀၀၀'×၃'×၇') ရှိမြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့် တင်ခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	
၂၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့် တင်ခြင်း။	
၂၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့် မြှင့်တင်ခြင်း။	
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကွန်ကရစ်ရေမြောင်းတည်ဆောက်ခြင်း။	
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကွန်ကရစ်ရေမြောင်းတည်ဆောက်ခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	၄လက်မ Ø PVC တွင်းနက် ရေကန်မှ ရေဖြန့်ပေးဝေခြင်း။	ဆောင်ရွက်ပြီး
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း။	
၂၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရေသန့်စက်ရုံနှင့်ရေသန့်စက်များတပ်ဆင်ပေးခြင်း	

ကျေးရွာအုပ်စုအမည် – ဆင်ဖြူဆိပ်			ကျေးရွာအမည် – ဆင်ဖြူဆိပ်(ရှေ့)	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၉	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ကျေးရွာတွင်း ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ရရှိရန်ဆောင်ရွက်ခြင်း။	
၃၀	လူငယ်နှင့်အားကစား	အားကစား	အား/ကာဠီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း။	
၃၃	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာဘောလုံးကွင်းအား ပြန်လည်ပြုပြင်ခြင်း။	
၃၄	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၁၇	၃၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၅၅	၅၆	၁၁၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၈	၆၇	၁၃၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၉	၆၁	၁၃၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၇၀	၅၃၄	၁၀၀၄
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃၂	၅၄	၈၆
စုစုပေါင်း		**၇၁၁**	**၇၈၉**	**၁၅၀၀**
စုစုပေါင်း အိမ်ထောင်စု				**၃၂၆**

ရင်းမြစ်... (ခ) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာသည် အိမ်ထောင်စု(၃၂၆)စုရှိပြီး ကျားမလူဦးရေ (၁၅၀၀)ဦး ရှိပါသည်။နို့စိုအရွယ် ၂၁ နှစ်မှ ၄နှစ်အရွယ် ကျောင်းသား/သူနှင့် သက်ကြီးရွယ်အိုကိုချန်လပ်ပြီး အလုပ်လုပ်နိုင်သောအရွယ်(၁၀၀၄)ဦးရှိခြင်းကြောင့် ကျေးရွာတွင် လူသားအရင်း အမြစ်ပေါများပါသည်။ (၆၅)နှစ်အထက်သက်ကြီး ကျားမ(၈၆)ဦးရှိသော်လည်း မိသားစုဆွေမျိုး များနှင့်အတူ နေထိုင်ခြင်းကြောင့် ပူပင်ကြောင့်ကျ မှုကင်းဝေးကြသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀၈	၄၃၈	၃၈	မြင့်☐ လတ် ✓ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၇၀	၁၃၀	၃၆	မြင့်☐လတ်☐နိမ့် ✓
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၈	၅	မြင့်☐လတ်✓နိမ့်☐
	အလုပ်သမား/ ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၁	မြင့်☐လတ်✓နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား /				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၆	၆	မြင့်□လတ်□နိမ့်✓
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၃	မြင့်□လတ်✓နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၂	၃	၂	မြင့်□လတ်□နိမ့်✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၂	မြင့်□လတ်✓နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၁	၁	၁	မြင့်□လတ်□နိမ့်✓
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၂၂	၁၂	မြင့်□လတ်✓နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၂	၄	၄	မြင့်□လတ်□နိမ့်✓
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၁	၁	၁	မြင့်□လတ်✓နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ ဝန်ထမ်း	၃	၅	၅	မြင့်□ လတ်□ နိမ့်✓
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ ဝန်ထမ်း	၁	၁	၁	မြင့်□လတ်□နိမ့်✓
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁	မြင့်□လတ်✓နိမ့်□
	အလုပ်သမား/ ဝန်ထမ်း	၃	၅	၅	မြင့်□လတ်□ နိမ့်✓
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ ဝန်ထမ်း	၂	၂	၂	မြင့်□ လတ်□နိမ့်✓
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား/ ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း /ရာသီအလိုက်အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၂	၂	၂	မြင့်□လတ်□နိမ့်✓
	စုစုပေါင်း				☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်(ရှေ့) အိမ်ထောင်စု(၃၂၆)စုရှိသည့်အနက် အဓိကအလုပ်အကိုင် အနေဖြင့် တောင်သူလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၂၀၈)စုရှိ၍ အခြားဝင်ငွေလုပ်ကိုင်သူ **(၁၁၈)**စု ရှိပါသည်။ထို့ကြောင့် အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးဖြစ်၍ အခြားဝင်ငွေရလုပ်ငန်းလည်း

လုပ်ကိုင်သူမိသားစုနှင့် စိုက်ပျိုးရေးလုပ်ငန်းမှာလည်း အလုပ်သမားအရင်းအမြစ် မျှတသည်ဟု ယူဆနိုင်ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၇၀၀၀		၅၀၀၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်လုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ စိုက်ပျိုးရာသီတွင်လည်း မိုးရေခံလယ်များသာဖြစ်၍ စိုက်ပျိုးချိန်သည်လည်း မိုးရေရရှိချိန်တွင်သာ အဓိကစိုက်ပျိုးပါသည်။ထို့ကြောင့် မိုးရေရ၍ စိုက်ပျိုးချိန်တွင် အလုပ်သမားဈေးသည်များ၍ မိုးရေမရသော အချိန်တွင် အလုပ်သမားဈေးသည်နည်းတက်ပါသည်။သို့သော်လည်း စားဝတ်နေရေးမှာတော့ သင့်တင့်ရုံသာ အဆင်ပြေကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး**(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၈၂၁.၂၅	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၈၄	ကောင်း ☐	သင့် ✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၁၀၅.၂၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်ကျေးရွာတွင်လယ်မြေ (၁၈၂၁.၂၅)ဧကနှင့် ယာတောင်ယာမြေ (၂၈၄) ဧကရှိပါသည်။လယ်မြေ/တောင်ယာမြေများ၏ မြေဆီလွှာအရည် အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့် လယ်ယာမြေများဖြစ်သော်လည်း ရေသွင်းဆည်၊မြောင်းတို့ မရှိခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းတိုးရန် ခက်ခဲပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ိုး)	များ☐ သင့် ✓ နည်း☐ မရှိ☐	လွယ် ၊ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ ✓	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်ကျေးရွာတွင်လယ်မြေ (၁၈၂၁.၂၅)ဧကနှင့် ယာတောင်ယာမြေ (၂၈၄) ဧကရှိပါသည်။လယ်မြေ/တောင်ယာမြေများ၏ မြေဆီလွှာအရည် အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့် လယ်ယာမြေများဖြစ်သော်လည်း ရေသွင်းဆည်၊မြောင်းတို့ မရှိခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းတိုးရန် ခက်ခဲပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅၉ကနှင့်အထက်	၃၉ကနှင့်၅၉ကြား	၃၉ကနှင့်အောက်	မရှိ
အိမ်အခြေအနေ	တိုက်/ပျဉ်ထောင်သွပ်မိုး	ပျဉ်/ထရံ/သွပ်မိုး	သွပ်မိုး/ထရံကာ	မရှိ
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်/လက်တွန်းထွန်စက် ရေစုပ်စက်	ထွန်စက်/လက်တွန်းထွန်စက် ရေစုပ်စက်	တောင်သူ/ကျပန်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူ	မရှိ
အိမ်ထောင်စု	၁၇၅	၄၄	၇၀	၃၇

ရင်းမြစ် … (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် အိမ်ထောင်စု(၃၂၆)ရှိသည်အနက် မြေပိုင်ယာပိုင်နှင့် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုသည်(၁၇၅)စုသာရှိပြီး မြေယာပိုင်ဆိုင်၍ ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စုနှင့် ကျပန်းအလုပ်လုပ်၍ စီးပွားရေး အလယ်အလတ်ရှိသော အိမ်ထောင်စု(၄၄)စုခန့်ရှိပြီး ကျန်အိမ်ထောင်စုများ တောင်သူကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော်လည်း အဆင်မပြေသော အိမ်ထောင်စုအနည်းငယ်နှင့် ကျပန်းလုပ်ကိုင်၍ ရရစားစား အိမ်ထောင်စုသည် (၁၀၇)ခန့်ရှိပြီး အများအကူအညီလိုသော အိမ်ထောင်စုများ ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာတွင် မရှိပါ။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	**၁၈**	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = __၇_____ လုပ်အားခကြိုယူ= __၁၁_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၄	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = __၄_____ လုပ်အားခကြိုယူ= ____၁၀_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆင်ဖြူဆိပ်(ရှေ့)ကျေးရွာရှိဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၅၆) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၄၄) ရာခိုင်နှုန်းမှာ (၃ - ၅) လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ဆန်ရှားပါးမှုနှင့် ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊တစ်ရက်လုံးလျှော့စားခြင်း များမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသောအချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာ ဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
